# ဘိုတောင်ဆိပ်ကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး
# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)






ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘိုတောင်ဆိပ်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ ဇွန်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ဘိုတောင်ဆိပ်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၀ပြည့်နှစ်၊ ဇွန်လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဘိုတောင်ဆိပ်ကျေးရွာ**
**ပုလောမြို့နယ်**

## ဘိုတောင်ဆိပ် ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



## ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ပူပြင်းမိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးများ | မိုးအသင့်တင့် /နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | |
| အလုပ်အကိုင် | ဥယျာဉ် | စပါး | စပါး | စပါး | စပါး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

## အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ

### အဖွဲ့အစည်းချိတ်ဆက်မှုပုံစံပြ

လိပ်သောင်ကျေးရွာအုပ်စုဘိုတောင်ဆိပ်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံပြ

Venn Diagram

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ

နာရေးကူညီရေးအဖွဲ့

လေ့သားအဖွဲ့

မြင့်မြတ်စိတ်ထား ပရဟိတအဖွဲ့

ဂေါပကအဖွဲ့

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ

ငှက်ဖျားအဖွဲ့




## ဥစ္စာဓနအဆင့် သတ်မှတ်ချက်ပုံစံ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၂၀ | ၂၈ | ၂ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘိုတောင်ဆိပ်ကျေးရွာသည် လိပ်သောင်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၊ ၆မိနစ်၃၇စက္ကန့်နှင အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၆မိနစ်၊ ၃၅စက္ကန့်နှင့် တည်ရှိပြီး အရှေ့ဘက်တွင် ထမင်းမစားကျေးရွာ၊အနောက်ဘက်တွင် ၊တောင်ဘက်တွင် လယ်ဖက်ကျေးရွာ၊ လိပ်သောင်ကျေးရွာ၊ မြောက်ဘက်တွင် အုန်းတော ကျေးရွာတို့နှင့် ထိစပ်လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘိုတောင်ဆိပ်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ(၇၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဘိုတောင်ဆိပ်ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မ ဖြစ်ပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) သဘာဝဆေးဖက်ဝင်ပင် အနည်း အကျဉ်းရှိပြီး တောတိရစ္ဆာန် မျိုးစိတ်များ ရှားပါးနေပြီဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘိုတောင်ဆိပ် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၂) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၂၄၅) ဦးရှိပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများဆောင်ရွက်ရန် ဖွဲ့စည်းထားသောအဖွဲ့အစည်း(၅)ခုရှိပြီး ပရဟိတအဖွဲ့မှ ကျေးရွာ၏ လူမှုရေးလုပ်ငန်း များအား အဓိကဆောင်ရွက်နေကြပါသည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများ တွင် ဦးဆောင်ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် နေကြပါသည်။

ဘိုတောင်ဆိပ်ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး ကိစ္စများ ပိုမိုတိုးတက် ကောင်း မွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းအနေဖြင့် ငှက်ဖျားတိုက်ဖျက်ရေး အဖွဲ့မှ သွေးစစ်ပေးခြင်း၊ ဆေးအခမဲ့ လှူဒါန်းပေးခြင်းတို့ ပြုလုပ်ပေးပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဘိုတောင်ဆိပ် ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ (၃၀၀)ဧက ရှိပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုမှာ (၂၈.၈၄%) ၊ဆင်းရဲသား တောင်သူအိမ်ထောင်စု(၇.၆၉%)၊ တောင်သူငယ်အိမ်ထောင်စု(၁၉.၂၃%)၊ တောင်သူလတ် အိမ်ထောင်စု (၃၈.၄၇%)၊ တောင်သူကြီးအိမ်ထောင်(စု ၅.၇၇%) ရှိပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံအဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အပ်ချုပ်ခြင်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေအနည်းငယ်ပိုများရခြင်းဖြစ်ပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ဘိုတောင်ဆိပ်ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ ဝက်၊ ကြက်၊စသည်တို့ကိုတစ်ပိုင်တစ်နိုင်သာမွေးမြူကြသည်။ တနိုင်တပိုင်ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၄)စု ရှိပါသည်။ ဘိုတောင်ဆိပ်ကျေးရွာ၏ မွေးမြူရေး ကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက် စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် စားကျက်မြေအသင့်အတင့်ရှိခြင်း၊ အိမ်ခြံဝင်းအတွင်း မြေနေရာအသင့်အတင့်ရှိခြင်း၊မျိုး ကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်း မီခြင်း၊ သွင်းအားစုများဝယ် ယူနိုင်ခြင်းက ကျေးရွာရှိ အိမ်ထောင်စုများအတွက် မွေးမြူရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိ နေပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် ချေးငွေမရရှိခြင်း၊မွေးမြူရေးနည်းပညာရရှိမှု အားနည်းခြင်း၊ ရေရှားပါးခြင်းတို့က မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အဟန့်အတား များဖြစ်ပေါ်စေပါသည်။ ထို့အပြင် ရွာသူ/သားများကလည်း မွေးမြူရေးကဏ္ဍအတွက် စိတ်ပါ ဝင်စား

မှ အနည်းငယ် အားနည်းမှုရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အလေးထား လုပ်ကိုင်ကြပါသည်။ ထို့အပြင် ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား ကောင်းမွန်မှု မရှိခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုး မြှင့်ပေးနိုင်မည့် လုပ်ငန်းအမျိုးအစား အသစ်တစ်ခု အတွက် အဟန့်အတားဖြစ်စေပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဘိုတောင်ဆိပ်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ခြင်း၊ အသေးစားလုပ်ငန်းများအတွက် ဈေးကွက်အသိအမြင်အသင့်အတင့်ရှိခြင်း၊ ကုန်ကြမ်း ရရှိမှု အသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ်စား စီပွားရေး လုပ်ငန်းများ အတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့်အလမ်းကောင်းများဟု ဆိုရမည် ဖြစ်ပါသည်။ ထို့နောက် အသက်မွေးဝမ်းကျောင်းသင်တန်းများ (ဆိုင်ကယ်ပြင်၊ စက်ပြင်၊ အပ်ချုပ်စက်၊ အလှပြင်၊ လက်သမား/ ပန်းရံ)သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ လျှပ်စစ်မီး မရရှိခြင်း၊ ချေးငွေ မရရှိခြင်းက အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန်အတွက် အဟန့်အတား ဖြစ်စေပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းစေသောကြောင့် ပိုမိုကောင်းမွန်သောအလုပ်များနှင့် ဝင်ငွေတိုးတက်စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘိုတောင်ဆိပ်ကျေးရွာတွင် လယ်သမားများသာ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ ချေးငွေရရှိပါသည်။ လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရသည်။ ချေးငွေကာလတိုပြီး လုံလောက်သော ချေးငွေများ မရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများဖြစ်နေသဖြင့် ကာလရှည် ချေးငွေများ ရရှိလိုကြပါသည်။ ဘိုတောင်ဆိပ် ကျေးရွာတွင် လယ်လုပ်ကိုင်သူ အိမ်ထောင်စု (၂၀)စု ရှိပါသည်။ အိမ်ထောင်စု (၁၄)အိမ်ခန့်သာ အစိုးရဘဏ်မှ ချေးငွေရရှိပြီး ကျန်အိမ်ထောင်စု(၆)စုမှာ ပုံစံ (၇)မရှိခြင်းကြောင့် ချေးယူရန် အခက်အခဲရှိနေပါသည်။ ထို့ကြောင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်နိုင်ရန် အတိုးနှုန်းနည်းသော ချေးငွေများရရှိရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘိုတောင်ဆိပ်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ/သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ကားတို့မှာ သွားလာရေးနှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၄)စီး ၊ဆိုင်ကယ် (၂၇)စီး၊ သုံးဘီး၊ထော်လာဂျီ**(၁)**စီး၊ မော်တော်ကား**(၁)**စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ဘိုတောင်ဆိပ် ကျေးရွာ၏ ရွာတွင်းလမ်း(၇)ဖာလုံမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေကျော်ခြင်း၊ ဗွက်ထခြင်း၊ လမ်းမညီမညာဖြစ်ခြင်းများကြောင့် ကျေးရွာသူ/သားများမှ သွားလာရ ခက်ခဲသည့်အတွက် နိုင်အားသလောက် ကိုယ်ထူကိုယ်ထအနေဖြင့် လမ်းမြေဖို့ခြင်း၊ ရေမြောင်း ဖော်ခြင်းများအား နှစ်စဉ်နှစ်စဉ်ဆောင်ရွက်နေရပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် ပေါင်းကူးတံတား (၁၄ X ၅ ) ပေ (၃)စင်းရှိ သည့် အနက်(၁)စီးမှာ ကောင်းမွန်မှုရှိပြီး ကျန်(၂)စင်းမှာ ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဘိုတောင်ဆိပ်ကျေးရွာတွင် (၂၄) နာရီမီး မရရှိသေးသဖြင့် အိမ်အများစုမှာ ဆိုလာပြားကို အသုံးပြုကြပြီး အဆင်ပြေသော အိမ်ထောင်စုတချို့မှာ ကိုယ်ပိုင်ဒီဇယ် အင်ဂျင်မီးဖြင့်လည်း အသုံးပြုကြသည်။စီးပွားရေးမပြေလည်သော အိမ်ထောင်စုစုမှာ မီးခွက်၊ ဖယောင်းတိုင်ဖြင့် အသုံးပြုပါသည်။ ဆိုလာမီးမှာ မိုးရာသီတွင် နေရောင်ခြည်ရရှိမှု အားနည်းသောကြောင့် အခက်အခဲများ ကြုံနေတွေ့နေရသဖြင့် (၂၄)နာရီ လျှပ်စစ်မီး (သို့) တစ်အိမ်ဆိုလာမီးရရှိနိုင်ရေး တင်ပြတောင်းခံရန် လိုအပ်နေပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘိုတောင်ဆိပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း **(၆၀)** လုံး၊ ရေဒီယို(၂၆)လုံး၊ တီဗွီ(၉)လုံး၊ဂြိုလ်တုစလောင်း(၅)စသည်တို့မှ ရရှိပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် တာဝါတိုင်မရှိပါသဖြင့် လိုင်းဆွဲအားမကောင်းပါ။ လျှပ်စစ်မီး မရှိသည့်အတွက်လည်း တီဗွီ၊ စလောင်းတို့မှ သတင်းအချက်အလက်ရယူရန် အားနည်းပါသည်။ ထို့ကြောင့် ရေဒီယိုမှတဆင့် သတင်းအချက်အလက်များ ရယူကြရပါသည်။

## ၆။ ပညာရေး

ဘိုတောင်ဆိပ်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိ၍ မူလတန်း ပညာသင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာမ(၆)ဦးမှ ကျောင်းသား(၃၈)ဦးအား ပညာသင်ကြားပေးနေပါသည်။ အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို (၁)မိုင်ခန့်သာဝေးသော လယ်ဖက် ကျေးရွာနှင့် ပုလောမြို့တွင် အလယ်တန်း၊ အထက်တန်းကျောင်းသို့ သွားရောက် သင်ကြားရပါသည်။ ပညာရေးအဆောက်အဦများမှာ အသင့်အတင့်သာရှိပြီး လိုအပ်သလို ပြုပြင်ရန်နှင့် ကျောင်းတွင်းပရိဘောဂများနှင့် စာရေးထိုင်ခုံများလည်း လိုအပ်ပါသည်။ ကျောင်းသား/ သူများ အိမ်သာအနေအထားမှာ အသင့်အတင့် ကောင်းမွန်မှုရှိပါသည်။ သောက်သုံးရေမှာ လယ်ဖက်ကျေးရွာရှိ စိမ့်စမ်းရေမှ အသုံးပြုနေရသဖြင့် ကျောင်းဝင်းအတွင်း လက်တူးတွင်း (၁)တွင်း လိုအပ်နေပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုမှာလည်း လစဉ်ပုံမှန် ပြုလုပ်လျှက်ရှိပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် စာမတတ်သူ လူဦးရေ မရှိပါ။ ဘိုတောင်ဆိပ်ကျေးရွာ လူဦးရေ၏ (၈၅.၇၁%) မှာ မူလတန်းအဆင့်ပညာရေးသာ ပြီးမြောက်မှုရှိကြပြီး၊ အလယ်တန်းအဆင့် အထိ တတ်မြောက်သူ (၂.၄၄%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၁.၂၂%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၀.၄၀%)အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက် လာသောကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘိုတောင်ဆိပ်ကျေးရွာ၏ အဖြစ်များသော ရောဂါများမှာ ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်များပြီး ငှက်ဖျားရောဂါ ကူးစက်နှုန်းမှာလည်း အနည်းငယ်သာရှိပါသည်။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ စသည်တို့လည်း ဖြစ်ပွားလျှက်ရှိပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် လိပ်သောင်ကျေးရွာကျန်းမာရေးထာနခွဲရှိ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာ

အရောက် နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ် ဆေးများအား လာရောက်ထိုးနှံ ပေးလျက် ရှိပြီး၊ ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက် ထိုးနှံပေးပါသည်။ ဆင်ခြေထောက် ကာကွယ်ဆေးလည်း လာရောက် တိုက်ကျွေးကြပါသည်။ ဘိုတောင်ဆိပ်ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်း မရှိသော်လည်း URC အဖွဲ့မှ ကျေးရွာအတွင်းတွင် တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်မှ ဆေးထိုးပေးခြင်း၊ ဆေးဝါး များကို အခမဲ့ ကုသပေးလျှက်ရှိပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့နယ်(၁၄)မိုင်ခန့် ဝေးကွာသော ပြည်သူဆေးရုံတွင် သွားရောက်ကုသကြရပါသည်။ ကျန်းမာရေးဝန်ထမ်း (၁)ဦး (သို့မဟုတ်)ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုတည်ဆောက်ရန် လိုအပ်နေပါသည်။

ဘိုတောင်ဆိပ်ကျေးရွာအတွင်းတွင် ရေတွင်း(၆)တွင်းသာရှိပြီး တရွာလုံးမှ ထိုရေ တွင်း ကိုသာ မှီခိုသုံးစွဲနေရပါသည်။ နွေရာသီရေရှားပါသောကြောင့် ရေမလုံလောက်ခြင်းများ နှစ်စဉ်ကြုံတွေ့နေရပါသည်။ ကျေးရွာတစ်ရွာလုံး သောက်သုံးရေလုံလောက်မှုရရှိစေရန် အဝီစိတွင်းတူးဖော်၍ အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်းစနစ် ဆောင်ရွက်မည်ဆိုပါက သန့်ရှင်းသောသောက်သုံးရေရရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ပါသည်။ ဘိုတောင် ဆိပ်ကျေးရွာ၏ စာသင်ကျောင်းမှာလည်း လယ်ဖက်စိမ့်စမ်းရေမှ ပေးဝေလျှက်ရှိပါသည်။

ဘိုတောင်ဆိပ်ကျေးရွာတွင် အိမ်တိုင်းစေ့ ရေလောင်း/ယင်လုံအိမ်သာများ အသုံးပြု ကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘိုတောင်ဆိပ်ကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ပြန်လည် ဖြည့်တင်း သည့်စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်းရင်း တစ်ခု ဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦး စီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုး နှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်း နိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျစွန့် ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်း ပါဝင် မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘိုတောင်ဆိပ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်နေ ကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်း ဥပဒေဆိုင်ရာ အသိပညာများအားနည်းသောကြောင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

# လိပ်သောင်ကျေးရွာအုပ်စု၊ ဘိုတောင်ဆိပ်ကျေးရွာ  ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးရေး | သောက်သုံးရေ | လက်တူးတွင်းမှ ရေတင်ခြင်းနှင့် ရွာတွင်းရေပိုက်သွယ်တန်းခြင်း (၂" Ø ၁၂၀') | ပထမ | |
| ၂ | လျှပ်စစ် | အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး | အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး | အိမ်တိုင်းစေ့ ၂၄နာရီ လျှပ်စစ်မီး/ဆိုလာမီး ရရှိရေးအတွက် တင်ပြခြင်း | ဒုတိယ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်း(၇)ဖာလုံအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း | တတိယ | |
| ၄ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်း ပြုပြင်ခြင်းနှင့်အားကစားပစ္စည်းများ ဖြည့်တင်းခြင်း | | |
| ၅ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၁.၁၈)ဧကအား ကာရန်ခြင်း | | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ပေါင်းကူးတံတား(၅'-၁၄') (၂)စင်း ပြုပြင်ခြင်း | | |
| ၇ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ကာကွယ်ဆေးထိုးခြင်း | ကျေးလက်ဆေးပေးခန်း၊ဆေးဝါးများလုံလောက်စွာ လိုအပ်ခြင်း | | |
| ၈ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု | သားဖွါးဆရာမ၊ကျေးလက်ကျန်းမာရေးမှူးစသည် | အမြဲတမ်းကျန်းမာရေးဝန်ထမ်း(၁)ဦး လိုအပ်ခြင်း | | |
| ၉ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၁၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | နည်းပညာ | မွေးမြူရေးဆိုင်ရာ နည်းပညာ၊ရောဂါကာကွယ်နည်းသင်တန်းပြုလုပ်ခြင်း | | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား အလတ်စား စီးပွါးရေးလုပ်ငန်းများ ဆိုင်ရာ | အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စား နှင့်အကြီးစားလုပ်ငန်းဆိုင်ရာများ | ထုတ်ကုန်လုပ်ငန်းများ SMLE | အသက်မွေးဝမ်းကျောင်းသင်တန်းများ(ဆိုင်ကယ်ပြင်၊စက်ပြင်၊ အပ်ချုပ်စက်၊အလှပြင်၊မုန့်လုပ်၊လက်သမား/ပန်းရံ) ပြုလုပ်ပေးခြင်း | | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ်အခွင့်အလမ်း | ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ခြင်း | | |
| ၁၄ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ်အခွင့်အလမ်း | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပြုလုပ်ခြင်း | | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး | အမျိုးသမီး | အမျိုးသမီးများ တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ | | |
| ၁၆ | ငွေကြေး | အသေးစားငွေကြေးဝန်ဆောင်မှု | အသေးစား | အတိုးနှုန်းနည်းသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်လုပ်ဆောင်ခြင်း | | |
| ၁၇ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | လူငယ်အရည်အသွေးနှင့်စွမ်းဆောင် ရည်ဖွံ့ဖြိုးစေရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှု၊စီမံခန့်ခွဲမှု စသည့်စွမ်းဆောင် ရည်မြှင့်သင်တန်းများ ပြုလုပ်ပေးခြင်း | | |

နောက်ဆက်တွဲ (၁)

## လိပ်သောင်ကျေးရွာအုပ်စု၊ ဘိုတောင်ဆိပ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဘသန်း | ဦးဘစိန် | ၆/ပလန(နိုင်) ၀၅၁၃၂၃ | ၆၄ | နာယက | ၀၉၆၆၆၀၄၂၃၃၇ |
| ၂ | ဦးကြိုးတင် | ဦးဘို | ၆/ပလန(နိုင်) ၀၆၀၅၆၆ | ၆၀ | ရပ်မိရပ်ဖ | ၀၉၄၀၇၇၀၄၈၆၉ |
| ၃ | ဦးဝင်းလှိုင် | ဦးသွင် | ၆/ပလန(နိုင်) ၀၆၂၀၀၇ | ၄၅ | ရပ်မိရပ်ဖ | - |
| ၄ | ဦးရွှေသန်း | ဦးသန်းရွှေ | ၆/ပလန(နိုင်) ၀၅၁၃၀၅ | ၅၂ | ရပ်မိရပ်ဖ | ၀၉၂၆၂၈၁၃၂၈၅ |
| ၅ | ဦးအောင်သိန်း | ဦးသီးဟန် | ၆/ပလန(နိုင်) ၀၆၁၉၆၇ | ၄၉ | ရပ်မိရပ်ဖ | - |
| ၆ | ဦးအောင်မြင့် | ဦးသန်းတင် | ၆/ပလန(နိုင်)၀၅၁၃၀၆ | ၄၉ | ဥက္ကဋ္ဌ | ၀၉၄၅၄၆၈၄၅၈၂ |
| ၇ | ဦးကျော်သူ | ဦးကျော်ရှိ | ၆/ပလန(နိုင်) ၀၈၈၂၄၄ | ၃၂ | အတွင်းရေးမှူး | ၀၉၆၆၁၂၂၆၄၈၅ |
| ၈ | ဒေါ်ငွေနှင်းရီ | ဦးအောင်သန်း | ၆/ပလန(နိုင်)၁၀၁၇၇၃ | ၅၃ | ဘဏ္ဍာရေးမှူး | ၀၉၈၈၇၀၉၆၅၆၁ |
| ၉ | ဦးထိန်ဝင်း | ဦးသန်းတင် | ၆/ပလန(နိုင်)၀၃၄၈၅၅ | ၅၈ | စာရင်းကိုင် | ၀၉၈၉၈၅၃၁၂၅၈ |
| ၁၀ | ဒေါ်သန်းယု | ဦးရှိန် | ၆/ပလန(နိုင်) ၀၆၀၅၆၅ | ၄၂ | စာရင်းစစ် | ၀၉၄၀၄၀၁၁၅၁၈ |
| ၁၁ | ဒေါ်မိချို | ဦးသန်းတင် | ၆/ပလန(နိုင်) ၀၆၀၅၄၂ | ၄၂ | အဖွဲ့ဝင် | ၀၉၄၀၅၂၃၂၂၇၁ |
| ၁၂ | ဒေါ်ခင်သန်းနု | ဦးလင်းစီ | ၆/ပလန(နိုင်) ၀၆၀၆၀၇ | ၄၅ | အဖွဲ့ဝင် | ၀၉၈၉၁၅၅၉၈၂၅ |
| ၁၃ | ဦးမြင့်နိုင် | ဦးစိုးလွင် | ၆/ပလန(နိုင်) ၀၈၅၅၁၂ | ၃၇ | အဖွဲ့ဝင် | ၀၉၄၀၄၁၇၉၈၈၄ |
| ၁၄ | ဦးကျော်ထွေး | ဦးဘကြည် | ၆/ပလန(နိုင်) ၀၆၁၉၉၂ | ၅၀ | အဖွဲ့ဝင် | ၀၉၄၀၃၆၉၆၃၁၇ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၁ | ၆ | ၁၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၂၂ | ၃၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၂ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၉ | ၇၅ | ၁၅၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁ | ၆ | ၇ |
| စုစုပေါင်း | | ၁၂၄ | ၁၂၁ | ၂၄၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၅၂ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ် ကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၅၂) စု၊ လူဦးရေ (၂၄၅) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၅.၃%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် ( ၆.၉%)၊ မူလတန်းကျောင်းသား အရွယ် (၁၅.၁%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၂.၂၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၈%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၇.၁)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၇၉) ဦး၊ မ (၇၅ ဦး စုစုပေါင်း (၁၅၄) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၂.၈)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၇) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄) ဦးနှုန်းထက် ပိုမိုနေပါ သည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။**

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၂၄ | ၃၄ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၀ | ၅၂ | - | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၀ | | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၁၅ | ၁၅ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | ၁ | မြင့်☐လတ်☑နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၅ | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | - | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ် ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **ဘိုတောင်ဆိပ်ကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံအဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အပ်ချုပ်ခြင်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာ များ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေအနည်းငယ်ပိုများရခြင်းဖြစ်ပါသည်။**

**ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ လုပ်ကိုင်ကြသည်။ ပင်လယ်ငါးဖမ်းလုပ်ကိုင်ကြသော အိမ်ထောင်စုများလည်းရှိပါသည်။ ကျဘမ်း အလုပ်လုပ်ကိုင်ကြသူများသည်လည်း ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်းကျွမ်းကျင်မှု အပေါ် အခြေခံ၍ လုပ်ကိုင်ရသည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေ ရရှိမှု များစွာ ကွာခြားပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၉၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ Â |
| **ဥယျာဉ်ခြံမြေ** | ၁၇၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **နှစ်ရှည်သီးနှံစိုက်ပျိုးမြေ** | ၃၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| **စားကျက်မြေ** | ၁၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၃၀၀ | ☒ |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်**

နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီသြဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များကျင့်သုံးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ□ သင့်□ နည်း□ မရှိÂ | လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ□ သင့်□ နည်း□ မရှိÂ | လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ□ သင့်□ နည်းÂ မရှိ□ | လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ□ သင့်□ နည်းÂ မရှိ□ | ☒ |

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) သဘာဝဆေးဖက်ဝင်ပင် အနည်းအကျဉ်းရှိပြီး တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ်ပါသည်။

(ဃ) ဥတုစာမနေအဆင့်အခြေအနေ

ဇယား (၆) ဥတုစာမနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၂၀ | ၂၈ | ၂ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၃.၈%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၃၈.၄%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၅၃.၈%) ရှိပြီး ထုတ်ကုန်လုပ်ငန်း၊ နှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး(သို့)ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေးခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၃___<br>လုပ်အားခကြိုယူ = ___၇___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇ | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၄___ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ___၃___ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂ | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁___<br>လုပ်အားခကြိုယူ = ___၁___ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စု (၂၈) နှင့် အလွန်မပြေ လည်သော အိမ်ထောင်စု (၂) ရှိပြီး စုစုပေါင်း (၃၀) အိမ်ထောင်စု၏ (၃၀) ရာခိုင်နှုန်းကို စစ်တမ်း ကောက်ယူ မှုအရ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် မိသားစု စားဝတ်နေရေး ဖြေရှင်း ကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၁ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များ တွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၆ | မုန်တိုင်း | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၇ | ငလျင် | မြင့် □ လတ် □ နိမ့် □ မရှိ □ |
| ၈ | မီးဘေး | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် □ လတ် Â နိမ့် မရှိ □ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၃ | တီဘီရောဂါ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် □ လတ် □ နိမ့် Â မရှိ □ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်သာရှိပါသည်။ လုပ်ကိုင်စားသောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့်ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာဖြစ်ပါသည်။ ကျေးရွာတွင်သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေပါသည်။ ငှက်ဖျားရောဂါ၊တီဘီရောဂါ ဖြစ်ပွါးမှု အနည်းငယ်ရှိပါသည်။မိုးရာသီတွင် လယ်ယာမြေများ ဆားငန်ရေဝင်နေသောကြောင့် မြစ်/ချောင်းရှိသဖြင့် မိုးရာသီ၌ ရေကြီးမှုရှိသောကြောင့် လယ်မြေ များရေဝင်ခြင်း များဖြစ်ပေါ်နေသောကြောင့် မြေဆီလွှာများ ပျက်စီးမှုများဖြစ်ပေါ်နေသောကြောင့် စိုက်ပျိုးရေး နည်းပညာ ပေးသတန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □ လတ် □ နိမ့်Â မရှိ □ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □ လတ် Â နိမ့် □ မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် Â လတ် □ နိမ့်□ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □ လတ် □ နိမ့်Â မရှိ □ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ်□ နိမ့် Â မရှိ □ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဘိုတောင်ဆိပ်ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင် သည့် အခြေအနေမျိုးတွင် ရှိပါသည်။ ကျပန်းလုပ်သားများမှာ မိုးတွင်းကာလတွင် အလုပ်အကိုင် ရှားပါးခြင်း ကြောင့် စားနပ်ရိက္ခာ မဖူလုံ ခြင်းတို့ကို ကြုံတွေ့နေရသည်။**

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

